# Year 1 ဂဏန်းသင်္ချာ တတ်မြောက်မှု စစ်ဆေး အကဲဖြတ်ခြင်း



## မိဘနှင့် ပြုစုစောင့်ရှောက်သူများအတွက် သတင်းအချက်လက်များ

## Year 1 ဂဏန်းသင်္ချာ တတ်မြောက်မှု စစ်ဆေး အကဲဖြတ်ခြင်း ဆိုတာဘာလဲ။

Year 1 ဂဏန်းသင်္ချာ တတ်မြောက်မှု စစ်ဆေး အကဲဖြတ်ခြင်း (Year 1 Number Screening Check) ဆိုတာ သင့်ကလေးအနေနဲ့ အခြေခံ ကိန်းဂဏန်းတွေကို နားလည် တတ်ကျွမ်းမှု ဘယ်လောက် တိုးတက်လာပြီလဲဆိုတာ ဆရာ/ဆရာမတွေ သိရှိနိုင်ဖို့ ပြည်နယ်တခုလုံးမှာ ပြုလုပ်တဲ့ ကာလတို ဆန်းစစ်အကဲဖြတ်မှု ဖြစ်ပါတယ်။ ဒီစစ်ဆေး အကဲဖြတ်မှုဟာ ကျောင်းသားမှာ ကိန်းဂဏန်းတွေကို သိရှိနားလည်နိုင်စွမ်း၊ အစဉ်လိုက် ထားနိုင်စွမ်း၊ ရေတွက်နိုင်စွမ်း၊ နှိုင်းယှဉ်နိုင်စွမ်းနဲ့ အပေါင်း၊ အနုတ် ပြုလုပ်နိုင်စွမ်း ဘယ်လောက်ရှိသလဲဆိုတာ လေ့လာစစ်ဆေးတာ ဖြစ်ပါတယ်။

ကလေးကို ဆရာ/ဆရာမ တစ်ယောက်က စစ်ဆေးသွားမှာဖြစ်ပြီး မေးခွန်း ၃၀ ခန့် အမေးခံရနိုင်ပါတယ်။ ပုံမှန်အားဖြင့် စစ်ဆေးချိန် **၁၀ မိနစ်ကနေ ၁၅** မိနစ်ကြား ကြာတတ်ပါတယ်။ Year 1 Number Screening Check ဟာ ကလေးကို စိတ်ဖိစီးမှု မဖြစ်စေဖို့ သေချာဂရုတစိုက် ဒီဇိုင်းထုတ်ထားတာ ဖြစ်ပါတယ်။ ကလေး စိတ်ဖိစီးနေပြီဆိုရင် ဆရာ/ဆရာမက စစ်ဆေးမှုကို ရပ်တန့်သွားမှာ ဖြစ်ပါတယ်။

Year 1 Number Screening Check ရဲ့ အဓိက ရည်ရွယ်ချက်က ကလေးရဲ့ ပညာ သင်ယူမှုအတွက် အစီအစဉ်ချမှတ်ရာမှာ အထောက်အကူဖြစ်စေနိုင်တဲ့ သတင်းအချက်အလက်တွေကို ဆရာ/ဆရာမတွေကို ပေးအပ်ဖို့ ဖြစ်ပါတယ်။ Year 1 ကျောင်းသားအားလုံး တဦးချင်းစီ ဆရာ/ဆရာမရဲ့ ဆန်းစစ်အကဲဖြတ်မှု ခံယူရမှာ ဖြစ်ပါတယ်။

> Year 1 Number Screening Check နဲ့ပတ်သက်ပြီး မေးမြန်းစရာရှိတယ်ဆိုရင် သက်ဆိုင်ရာ ကျောင်းသို့ ဆက်သွယ်ပါ။

## သင်္ချာဉာဏ်ဆိုတာ ဘာလဲ။

သင်္ချာဉာဏ်ဆိုတာ နေ့စဉ်ဘဝမှာ ပါဝင်နိုင်ဖို့နဲ့ လောကကြီးမှာ ဖြစ်ပျက်နေတာတွေကို နားလည်သဘောပေါက်စေဖို့ ကိန်းဂဏန်းတွေကို ဆပ်စပ်နားလည်ပြီး ထိထိရောက်ရောက် အသုံးချနိုင်တဲ့ စွမ်းရည် ဖြစ်ပါတယ်။ အချို့ကလေးတွေမှာ သင်္ချာဉာဏ်နဲ့ပတ်သက်ပြီး စိန်ခေါ်မှု ရှိတာကြောင့် ဒီလိုကလေးတွေကို အမြန်ဆုံး ဖော်ထုတ်သိရှိဖို့ အင်မတန် အရေးကြီးပါတယ်။ ဒီလိုလုပ်ခြင်းအားဖြင့် ဆရာ/ဆရာမတွေဟာ ဒီကလေးတွေ လိုအပ်နိုင်တဲ့ ပံ့ပိုးကူညီမှုတွေ မှန်မှန်ကန်ကန် ပေးအပ်နိုင်ရေးအတွက် စီစဉ်နိုင်မှာ ဖြစ်ပါတယ်။

## သင်္ချာဉာဏ် အရေးပါရသည့် အကြောင်းအရင်း

ဂဏန်းသင်္ချာဉာဏ်မှာ အခြေခံအုတ်မြစ်ကောင်း ရှိထားပြီဆိုရင် မူလတန်းနဲ့ အထက်တန်းတွေရဲ့ နောက်ပိုင်းနှစ်တွေမှာ ပိုမိုရှုပ်ထွေးတဲ့ သင်္ချာသဘောတရားတွေကို ပိုမိုနားလည်နိုင်ဖို့ ကလေးကို အထောက်ပြုမှာ ဖြစ်ပါတယ်။

## တယ်လီဖုန်း စကားပြန် ဝန်ဆောင်မှု

ကျောင်းကို ဆက်သွယ်ရာမှာ စကားပြန် အကူအညီ လိုအပ်တယ်ဆိုရင် ဖုန်းနံပါတ် 131 450 သို့ ဖုန်းခေါ်ဆိုပါ။ ဖုန်းလက်ခံဖြေဆိုသူအား သင်လိုအပ်တဲ့ ဘာသာစကားကို ပြောပြပြီး ကျောင်းသို့ ဖုန်းခေါ်ဆိုခိုင်းပါ။ ဖုန်းလက်ခံဖြေဆိုသူက သင်စကားပြောဆိုရာမှာ ကူညီဖို့ ဖုန်းလိုင်းပေါ်မှာ စကားပြန်တစ်ယောက် ထားပေးမှာ ဖြစ်ပါတယ်။ ဒီဝန်ဆောင်မှုအတွက် သင့်ဆီကနေ အခကြေးငွေ ကောက်ခံမှာ မဟုတ်ပါဘူး။